ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(ရေကြောင်းဌာနခွဲ)

ရက်စွဲ၊၂၀၂၀ပြည့်နှစ်၊စက်တင်ဘာလ ( ၃၀ )ရက်။

# ကြေညာချက် (၃၂ / ၂၀၂၀)

အကြောင်းအရာ။ Sea – going Service Approval လျှောက်ထားခြင်းအား Online မှ ဆောင်ရွက်သွားရန်ကိစ္စ

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ၊ ရေကြောင်းဌာနခွဲသည် သင်္ဘောဝန်ထမ်းများ တာဝန်ထမ်းဆောင်ရန်မထွက်ခွာမီ Sea Service Testimonial ထုတ်ပေးခြင်းအား SRPS Company များမှတစ်ဆင့် လျှောက်ထားခြင်းကို Online မှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါအဆိုပါ Online စနစ်အသုံးပြု၍ Sea Service Testimonial ထုတ်ယူထားသူများ ပြန်လည်ရောက်ရှိလာချိန်တွင် ပင်လယ်ပြင်လုပ်သက် အတည်ပြုပေးနိုင်ရန် တင်ပြတောင်းခံခြင်း (Sea – going Service Approval) အား Online စနစ်ဖြင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင်ကာ အောက်ပါအချက်အလက်များနှင့် ပြည့်စုံသူများအတွက် Sea – going Service Approval ပေးခြင်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) Sea – going Service Approval လျှောက်ထားသူများသည်-

(၁) သင်္ဘောသို့ မထွက်ခွာမီ Online ဖြင့် ရေကြောင်းဌာနခွဲ မှ Sea Service Testimonial ထုတ်ယူထားရမည်၊

(၂) သင်္ဘောမှ Sign Off ပြုလုပ်သည့်ရက်မှ စတင်၍ (၄၅)ရက်အတွင်း လျှောက်ထားရမည်။

(၃) ပြန်လည် ရောက်ရှိကြောင်း သင်္ဘောသားဌာနခွဲသို့ Online မှ လက်ဗွေဖြင့် သတင်းပို့ပြီး Approved ရရှိထားရမည်၊

(၄) သင်္ဘော သို့မဟုတ် ရာထူးပြောင်းလဲ တာဝန် ထမ်းဆောင်ခြင်းများ ရှိခဲ့ပါက ရေကြောင်းဌာနခွဲသို့ သတင်းပို့ထားပြီးရမည်။

အထက်ပါအချက်အလက်များ နှင့် ကိုက်ညီမှုမရှိသူများသည် ကာယကံရှင် ကိုယ်တိုင် လာရောက် သတင်းပို့ရမည်ဖြစ်ပြီး ဌာန၏ခွင့်ပြုချက်ဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ခ) Sea – going Service Approval ပြုလုပ်ရာတွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ-

(၁) တာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားသည် ရက်စွဲနှင့် ပြန်လည် ရောက်ရှိသည့် ရက်စွဲအတွင်း နိုင်ငံအဝင်/အထွက် တံဆိပ်တုံးများ ပါရှိသည့်နိုင်ငံကူး လက်မှတ်စာမျက်နှာများ၊

(၂) တာဝန်ထမ်းဆောင်ရန် မထွက်ခွာမီ Online မှ ထုတ်ယူသွားသည့် Testimonial Form ( SIRB တွင် လက်မှတ်ထိုးထားသော Master ၏ ဖြည့်စွက်ချက် အပြည့်အစုံပါရှိရမည်။)

(၃) တာဝန်ထမ်းဆောင်ခဲ့သည့် သင်္ဘော(များ)၏ပင်လယ်ပြင်လုပ်သက်တွက်ချက်မည့် SIRB စာမျက်နှာများ ၊

(၄) ကိုင်ဆောင်ထားသည့်လက်မှတ် COC သို့မဟုတ် COP ၏ စာမျက်နှာအားလုံး၊

(၅) Deck Officer Class III ဖြေဆိုမည့် MMU/MMMC ကျောင်းဆင်းများဖြစ်ပါက သက်ဆိုင်ရာ တက္ကသိုလ်/ကောလိပ်များ မှ စစ်ဆေးအတည်ပြု ထုတ်ပေးထားသော TRB Approval Form နှင့် MOA ၊

(၆) သင်္ဘော သို့မဟုတ် ရာထူးပြောင်းလဲ တာဝန်ထမ်းဆောင်ခြင်းများ ရှိခဲ့ပါက ကုမ္ပဏီ မှ ရေကြောင်းဌာနခွဲသို့ သတ်မှတ်ချိန် (၁၄) ရက်အတွင်း ပြန်လည် သတင်းပို့ခဲ့သော အထောက်အထား ၊

(ဂ) သင်္ဘောသား မှတ်တမ်းစာအုပ် ဖြည့်စွက်ချက်တွင် ပြင်ရာဖျက်ရာပါရှိပါက ကုမ္ပဏီမှ ဖြည့်သွင်း ရေးသားမှုမှာ မှန်ကန်ပါကြောင်း ထောက်ခံစာ (လိုအပ်ပါက ရေယာဉ်မှူး၏ ထောက်ခံစာ) စသည် တို့ကို တင်ပြရမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၂၀ပြည့်နှစ် ၊ အောက်တိုဘာလ(၁)ရက်နေ့မှ စပြီး ဒေသခံကိုယ်စားလှယ် ကုမ္ပဏီများ အနေဖြင့် မိမိတို့ ကုမ္ပဏီ၏ သင်္ဘောများတွင် တာဝန်ထမ်းဆောင်ပြီး ပြန်လည် ရောက်ရှိလာသော သင်္ဘောဝန်ထမ်းများအတွက် Sea – going Service Approval လျှောက်ထားခြင်းအား Online ဖြင့် အသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်။

**ပူးတွဲ – နောက်ဆက်တွဲ (က) Sea – going Service Approval လျှောက်ထားခြင်းအား Online မှ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ**

30-9-2020

ညီညီထွန်း
ညွှန်ကြားရေးမှူး

ဖြန့်ဝေခြင်း –

သင်္ဘောသားဌာနခွဲ

SRPS ကုမ္ပဏီအားလုံး

မိတ္တူကို–

ကြေညာသင်ပုန်း၊

ရုံးလက်ခံ။